UMG Generator Sales Dept.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

(၁)

## "မီးစက်အရောင်းအဝယ် – နှစ်ဦးသဘောတူကတိစာချုပ်"

Brand New Matador Generator MW-275PS (Silent Type) 250 KVA (1) Unit

(SO No. HTY-BSO-UNT-2025-02-0002)

(Sr No. )

Contract No. WF-MS- 132/2025

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MW-275PS (Silent Type) 250KVA (1) Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန် (Assistant Chief Operation Officer )
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(For And On Behalf Of Winning Way Co., Ltd.)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊လှိုင်သာယာမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် – ၀၉-၉၇၇၈၃၅၆၃၆။

မီးစက်ဝယ်ယူသူ ။ ။ ဒေါ်ငွေငွေကြည်
(For And On Behalf Of SSC WOMEN'S CENTRE)
စည်ပင်လုပ်ငန်းလိုင်စင်အမှတ်– ၁၁၁၃၂၀၀၆၇
အမှတ်– အမှတ်(၈)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် – ၀၉-၅၁၂၇၅၈၆။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

**<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>**

၁။ မီးစက်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MW-275PS (Silent Type) 250KVA (1) Unit အတွက် ရန်ကုန်ဆိပ်ကမ်းအရောက်တန်ဖိုး (Landed Cost at Ygn) ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် USD –27,500/- (USD–Twenty Seven Thousand and Five Hundred Only) နှုန်းဖြင့် ရောင်းချရန်နှင့် အမှန်တကယ်ငွေပေးချေရာ၌ ငွေပေးချေသည့်နေ့၏ ဒေါ်လာဈေးနှုန်းဖြင့် တန်ဖိုးသင့်၍ ရရှိသောမြန်မာကျပ်ငွေဖြင့်ပေးချေရန် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပြုသည့်တန်ဖိုးဖြင့်ပင် ငွေပေးချေဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကို ချုပ်ဆိုလျက် ဤစာချုပ်တွင် ဆက်လက်ဖော်ပြထားသော ရောင်းသူ၊ဝယ်သူတို့လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလိုက်ပါသည်။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၁၀။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-275PS (Silent Type) 250KVA (1) Unit အတွက် ကျန်ငွေ ၅၀% USD –13,750/- (USD – Thirteen Thousand Seven Hundred and Fifty Only) ကို အမှန်တကယ် ငွေပေးချေရာ၌ ငွေပေးချေသည့်နေ့၏ ဒေါ်လာဈေးနှုန်းဖြင့် တန်ဖိုးသင့်၍ ရရှိသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ မတ်လ မီးစက်လွှဲပြောင်းပြီး (၁၄)ရက်ကြာချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

**<u>ရောင်းချသူ၏တာဝန်များ</u>**

၁၁။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရန် သဘောတူပါသည်။

၁၂။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Winning Way Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူ တစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်း စသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

<u>မီးစက်ရောင်းချသူ</u>

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(For And On Behalf Of Winning Way Co., Ltd.)

<u>မီးစက်ဝယ်ယူသူ</u>

ဒေါ်ငွေငွေကြည် (က - ၀)
(For And On Behalf Of SSC WOMEN'S CENTRE)
(စည်ပင်လုပ်ငန်းလိုင်စင်အမှတ်–၁၀၁၃၂၀၀၆၇)

<u>အသိသက်သေများ</u>

လက်မှတ် –
အမည် – ထက်နိုင်စိုး
နိုင်ငံသားအမှတ် – ၁၂/မဘန(နိုင်)၁၅၃၉၄၅
နေရပ် – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊
– လှိုင်သာယာမြို့နယ် ၊ ရန်ကုန်မြို့။

လက်မှတ် –
အမည် – [illegible]
နိုင်ငံသားအမှတ် – [illegible]
နေရပ် – [illegible]

လက်မှတ် –
အမည် – ဒေါ်ခရစ်နွယ်
နိုင်ငံသားအမှတ် – ၁၁/မပန(နိုင်)၀၆၀၁၂၃
နေရပ် – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ်
K 250



**ဝယ်ယူသူ၏တာဝန်များ**

၂။ ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၄။ ရောင်းချလိုက်သည့်မီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

**ရောင်းချသူ၏တာဝန်များ**

၆။ မီးစက်ရောင်းချသူက မိမိရောင်းချသော Brand New Matador Generator MW-275PS (Silent Type) 250KVA (1) Unit မီးစက်သည် အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ် (သို့မဟုတ်) နာရီပေါင်း (၁,၀၀၀) အသုံးပြုပြီးသည်အထိ အာမခံပါသည်။ နေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၁,၀၀၀)ပြည့်သည့်ကာလ(နှစ်)ခု အနက်စောစွာသောရက်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။

၇။ အာမခံသည့်ကာလအတွင်း မီးစက်ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာ နေရာသည် ရောင်းချသည့်ကုမ္ပဏီရုံးတည်ရှိရာနေရာမှ ရန်ကုန်မြို့တွင်းဖြစ်လျှင် ကုမ္ပဏီဝန်ထမ်းများသည် မီးစက်ကို အခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

**ငွေပေးချေခြင်းစနစ်**

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-275PS (Silent Type) 250KVA (1) Unit အတွက် ပထမအရစ်ကျငွေအဖြစ် စုစုပေါင်းတန်ဖိုးငွေ၏ ၃၀% ဖြစ်သော USD –8,250/- (USD – Eight Thousand Two Hundred and Fifty Only) ကို အမှန်တကယ်ငွေပေးချေရာ၌ ငွေပေးချေသည့်နေ့၏ ဒေါ်လာဈေးနှုန်းဖြင့် တန်ဖိုးသင့်၍ ရရှိသော မြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ စာချုပ်ချုပ်ဆိုချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

၉။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-275PS (Silent Type) 250KVA (1) Unit အတွက် ဒုတိယအရစ်ကျငွေအဖြစ် စုစုပေါင်းတန်ဖိုးငွေ၏ ၂၀% ဖြစ်သော USD –5,500/- (USD – Five Thousand and Five Hundred Only) ကို အမှန်တကယ်ငွေပေးချေရာ၌ ငွေပေးချေသည့်နေ့၏ ဒေါ်လာဈေးနှုန်းဖြင့် တန်ဖိုးသင့်၍ ရရှိသော မြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ မတ်လ မီးစက်လွှဲပြောင်းချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

4 3/25 စာမျက်နှာ(၃)သို့